အစီရင်ခံစာခေါင်းစဉ်။ **(ခ) စီးပွားရေးသတင်းများ**

အကြောင်းအရာ။ **အိန္ဒိယနိုင်ငံ၏ မြို့ပြစီမံကိန်းနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၌ စင်ကာပူကုမ္ပဏီများမှရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုမှုများပြားလာခြင်း**

၁။ အိန္ဒိယနိုင်ငံ၊ အန်ဒရာပရာဒေ့ရှ်ပြည်နယ် (Andhra Pradesh) အတွင်းမြို့တော်အသစ်တည်ထောင်ရေးစီမံကိန်း၌ မဟာစီမံချက်ရေးဆွဲဆောင်ရွက်သူများအဖြစ် စင်ကာပူနိုင်ငံအခြေစိုက် ဆာဘာနာနိုင်ငံတကာအတိုင်ပင်ခံလုပ်ငန်း (Surbana International Consultant) နှင့် ဂျူရောင်းအပြည်ပြည်ဆိုင်ရာဦးပိုင်လီမိတက် (Jurong International) တို့ ပါဝင်သော အကျိုးတူပူးပေါင်းအဖွဲ့မှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာနမှ ၁၂.၁.၂၀၁၅ ရက်နေ့တွင် ကြေညာချက်ထုတ်ပြန်ခဲ့ပါသည်။

၂။
အိန္ဒိယနိုင်ငံ၏ခက်ခဲရှုပ်ထွေးသောစီးပွားရေးလုပ်ငန်းအခင်းအကျင်း၌ပါဝင်လုပ်ကိုင်ရန်မှာ စင်ကာပူလုပ်ငန်းရှင်အသိုင်းအဝိုင်း၌ ယခင်ကရေပန်းစားခြင်းမရှိခဲ့သော်လည်းဝန်ကြီးချုပ်မိုဒီ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များမှ ဖန်တီးပေးလျက်ရှိသော အခွင့်အလမ်းအသစ်များက ၎င်းလုပ်ငန်းရှင်များကို အိန္ဒိယသို့လာရောက် ရင်းနှီးမြှုပ်နှံရန် ဆွဲဆောင်လျက်ရှိပါသည်။ စင်ကာပူနိုင်ငံ အပြည်ပြည်ဆိုင်ရာစီးပွားရေးအဖွဲ့အစည်း (IE Singapore) နှင့် စင်ကာပူစီးပွားရေး လုပ်ငန်းရှင်များ အသင်းချုပ် (SBF) တို့အနေဖြင့် Make in India, 100 Smart Cities, Digital India နှင့် Clean Indiaစသည်ဖြင့် အိန္ဒိယအစိုးရ၏ စီးပွားရေးတိုးတက်မှုဆိုင်ရာလုပ်ငန်းစဉ်များမှ အခွင့်အလမ်းများကိုစင်ကာပူကုမ္ပဏီများရယူလုပ်ကိုင်နိုင်ရန်အတွက် အစိုးရနှင့် စီးပွားရေးအဖွဲ့အစည်းများ အချင်းချင်းပူးပေါင်းဆောင်ရွက်မှုများအားတိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။

၃။ IE Singapore၊ SBFနှင့်အိန္ဒိယစက်မှုလုပ်ငန်းများမဟာမိတ်အဖွဲ့ (CII) တို့ ပူးပေါင်းစီစဉ်မှုဖြင့် အိန္ဒိယနိုင်ငံရှိ ကုန်ထုတ်လုပ်ငန်းများနှင့်မြို့ပြဖွံ့ဖြိုးမှုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများဆိုင်ရာစာတမ်းများဖတ်ကြားဆွေးနွေးသည့်Singapore India Business Symposium ကို၂၈.၁၁.၂၀၁၄နေ့၌စင်ကာပူနိုင်ငံတွင်ပြုလုပ်ခဲ့ပါသည်။ ထို့နောက် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးMr S Iswaran ၏ အိန္ဒိယနိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း ၈.၁၂.၂၀၁၄ နေ့၌ အန်ဒရာပရာဒေ့ရှ်ပြည်နယ် မြို့တော်အသစ်တည်ထောင်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာကို IE Singapore နှင့် အန်ဒရာပရာဒေ့ရှ်ပြည်နယ် အခြေခံအဆောက်အဦးတည်ဆောက်ရေးကော်ပိုရေးရှင်း (Infrastructure Corporation of Andhra Pradesh) တို့အကြားလက်မှတ်ရေးထိုးခဲ့ကြပါသည်။ အဆိုပါမြို့တော်ဒေသစီမံကိန်းသည်လူဦးရေ ၄၉.၄ သန်းခန့်ကိုအထောက်အပံ့ပြုရန်အတွက်ဧရိယာ ၇၃၂၅ စတုရန်းကီလိုမီတာအတွင်း တည်ထောင်မည်ဖြစ်ပြီး မြို့တော်ပင်မအကျယ်အဝန်းကို ၁၂၅ စတုရန်းကီလိုမီတာခန့်ထားရှိလျက် မဟာစီမံချက်ရေးဆွဲဆောင်ရွက်မည်ဖြစ်သည်။ နားလည်မှုစာချွန်လွှာအရစင်ကာပူကုမ္ပဏီများပူးပေါင်းအဖွဲ့သည် ၈ စတုရန်းကီလိုမီတာရှိသော မြေနေရာအား မြို့ပြတည်ထောင်မှုသန္ဓေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အဖြစ် စတင်တည်ဆောက်၍ ဒေသခံကုမ္ပဏီအဖွဲ့အစည်းများ၏ မြို့ပြစီမံအုပ်ချုပ်မှုစွမ်းဆောင်ရည်တိုးတက်ရေးအတွက်ကူညီပံ့ပိုးမှုများဆောင်ရွက်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၊ ပဲခူးတိုင်း ဒေသကြီး

ရှိ i-Land စက်မှုနယ်မြေတည်ဆောက်မှု၌ရင်းနှီးမြှုပ်နှံဆောင်ရွက်လျက်ရှိသည့် ဆာဘာနာ ကုမ္ပဏီ အတွက် ယခုအစီအစဉ်မှာ မြို့ပြတည်ထောင်မှုစီမံကိန်းကြီး တစ်ရပ်ကို ပထမဆုံးအကြိမ် နိုင်ငံတကာအဆင့် ပူးပေါင်းဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

၄။ အန်ဒရာပရာဒေ့ရှ်ပြည်နယ်၏မြို့တော်အသစ်တည်ထောင်ရေးအစီအစဉ်မှာ၂၀၁၄ ခုနှစ် ဇွန်လအတွင်းတဲလန်ဂါနာ (Telangana) ပြည်နယ်အသစ် ဖွဲ့စည်းခြင်းကိုအိန္ဒိယနိုင်ငံအစိုးရမှ အတည်ပြုခဲ့ရာမှ အစပြုခဲ့ခြင်းဖြစ်ပါသည်။မြို့တော်ဟိုက်ဒရာဘတ် (Hyderabad) အပါအဝင် အန်ဒရာပရာဒေ့ရှ်ပြည်နယ်မှ နယ်မြေဒေသအချို့မှာတဲလန်ဂါနာနယ်နိမိတ်အတွင်းသို့ ပါဝင်ခဲ့ပါ သည်။ သို့ဖြစ်ရာအန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ မြို့တော်အသစ် တည်ဆောက်ပြီးစီးမှုမရှိမီ ၁၀ နှစ် တာကာလအတွင်းဟိုက်ဒရာဘတ်မြို့ကိုပြည်နယ်နှစ်ခု၏ ပူးတွဲမြို့တော်အဖြစ် သတ်မှတ်ထားရှိမည် ဖြစ်ပါသည်။ မြို့သစ်တည်ထောင်မှု၏ နောက်ဆက်တွဲလုပ်ငန်းများအဖြစ် အီလက်ထရွန်းနစ် စနစ် ဖြင့် စီမံအုပ်ချုပ်မှု (e-governance) နှင့် အခြေခံအဆောက်အဦးဖွံ့ဖြိုးရေးကဲ့သို့သော လုပ်ငန်း များ၌ စင်ကာပူကုမ္ပဏီများမှ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများစွာရှိနေကြောင်း IE Singaporeမှပြောကြားပါသည်။

၅။ လက်ရှိကာလတွင် အိန္ဒိယနိုင်ငံ၌ စင်ကာပူမှ အသေးစားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဝင်ရောက်မှုနည်းပါးနေသေးသော်လည်းစွမ်းအင်၊ သတင်းအချက်အလက်နည်းပညာ နှင့် မြို့ပြ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများတွင်ကုမ္ပဏီကြီးများစွာမှ လုပ်ကိုင်မှုရှိနှင့်နေပြီးဖြစ်ပါသည်။ စင်ကာပူ၏ အထင်ကရစီးပွားရေးလုပ်ငန်းစုကြီးတစ်ခုဖြစ်သောSembcorp Industriesသည် အန်ဒရာပရာဒေ့ရှ်ပြည်နယ်အရှေ့ဖက်ရှိKrishnapatnamဆိပ်ကမ်း၌ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓါတ်အားပေးစက်ရုံနှစ်ခုကိုအမေရိကန်ဒေါ်လာ ၃ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံလျက် ဒေသခံ Gayatri Energy Ventures ကုမ္ပဏီနှင့်ဖက်စပ်လုပ်ကိုင်လျက်ရှိရာလာမည့်နှစ်တွင် စီမံကိန်းလုပ်ငန်းများပြီးစီးမည်ဖြစ်ပါသည်။ အလားတူစင်ကာပူအခြေစိုက် Ascendas ကုမ္ပဏီ သည်လည်း သတင်းအချက်အလက်နည်းပညာဆိုင်ရာ စက်မှုဇုန်နှစ်ခုကိုဟိုက်ဒရာဘတ်မြို့၌ လွန်ခဲ့သော ၁၃ နှစ်မှစ၍ တည်ထောင်လုပ်ကိုင်လျက်ရှိပါသည်။ ကုန်ထုတ်လုပ်စရိတ်သက်သာမှု၊ လုပ်အားခနည်းပါးမှုနှင့် နည်းပညာကျွမ်းကျင်မှုရှိသော လုပ်သားအင်အားပေါများမှုစသည့် အချက် များက အန်ဒရာပရာဒေ့ရှ်ပြည်နယ်၌ ရင်းနှီးမြှုပ်နှံဆောင်ရွက်စေသည့် အကြောင်းများဖြစ်ကြောင်း Ascendas ၏ အိန္ဒိယနိုင်ငံရှိလုပ်ငန်းများဆိုင်ရာအမှုဆောင်အရာရှိချုပ် Mr Jonathan Yap က ဆိုပါသည်။

၆။ သို့ရာတွင် မြေယာနှင့် အလုပ်သမားရေးရာကိစ္စရပ်များ၊ လုပ်ထုံးလုပ်နည်းများ အဓိပ္ပါယ် ဖွင့်ဆိုမှုနှင့် အကောင်အထည်ဖေါ်ဆောင်ရွက်မှုများ၊ ဗျူရိုကရေစီယန္တရားစနစ်ဖြင့် လုပ်ကိုင်ဆောင် ရွက်မှုများစသည်တို့၌ စိန်ခေါ်မှုများစွာရှိနေကြောင်း IE Singapore မှ လက်ထောက်အမှုဆောင် အရာရှိချုပ် Mr Tan Soon Kim မှ ပြောကြားပါသည်။ ၎င်းတို့အနေဖြင့် အစိုးရနှင့် အခြားပုဂ္ဂလိက များထံမှ လျှပ်စစ်ဓါတ်အားပေးစက်ရုံတည်ဆောက်မည့် မြေနေရာအားရရှိရန်အတွက် ၄ နှစ်ခန့် အချိန်ယူဆောင်ရွက်ခဲ့ရကြောင်းဖြင့်Sembcorpကုမ္ပဏီမှဒုတိယအမှုဆောင်ဥက္ကဋ္ဌ Mr Tan

Cheng Guan ၏ ထုတ်ဖော်ပြောဆိုမှုကဤအချက်ကိုအထောက်အပံ့ပြုလျက်ရှိပါသည်။ သို့သော်လည်းစင်ကာပူလုပ်ငန်းရှင်များအနေဖြင့် အိန္ဒိယနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန် စိတ်အားထက်သန်မှုများရှိနေပါသည်။ ဝန်ကြီးချုပ်မိုဒီအစိုးရမှ လုပ်ငန်းများအားလက်ရှိအနေအထားအတိုင်းဆက်လက်လုပ်ဆောင်သွားမည်ဆိုပါက ၎င်းတို့၏ အရင်းအနှီးထည့်ဝင်မှုလုပ်ငန်းများမှာ ၃ နှစ်မှ ၅ နှစ်အတွင်းလျှင်မြန်စွာတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် အိန္ဒိယနိုင်ငံအတွင်းအိမ်ရာဝန်ဆောင်မှုလုပ်ငန်းများ၌ အမေရိကန်ဒေါ်လာသန်း ၂၅၀ ခန့် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လျက်ရှိသောစင်ကာပူအခြေစိုက် The Ascottကုမ္ပဏီမှ ပြောကြားပါသည်။

၇။ စင်ကာပူအစိုးရအနေဖြင့် မိမိနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများကိုနိုင်ငံတကာသို့ ဖြန့်ကျက်၍ ထူထောင်လုပ်ကိုင်စေလျက်ရှိရာအိန္ဒိယနိုင်ငံ၊ ဂူဂျရတ်ပြည်နယ် (Gujarat) ၌ ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်မှ ၁၃ ရက်အထိကျင်းပသောVibrant Gujarat Summitသို့ ဝန်ကြီးချုပ်ရုံးဝန်ကြီးMr S Iswaranဦးဆောင်သည့်အဖွဲ့ဝင် ၇၀ ဦးပါဝင်သောစီးပွားရေးကိုယ်စားလှယ်အဖွဲ့ကိုစေလွှတ်တက်ရောက်စေခဲ့ကြောင်းသိရှိရပါသည်။

(နေအေးလွင်)
စီးပွားရေးသံမှူး

**ကိုးကားချက်များ**

(၁) စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏၈.၁၂.၂၀၁၄ နေ့ သတင်းထုတ်ပြန်ချက် Singapore partners Andhra Pradesh to masterplan and develop New Capital City
(၂) စင်ကာပူနိုင်ငံကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၁၂.၁.၂၀၁၅ နေ့ သတင်းထုတ်ပြန်ချက် Singapore and Andhra Pradesh Announce Master Planners for New Capital City and Surrounding Region
(၃) The Straits Times သတင်းဌာန၏ ၂.၁.၂၀၁၅ နေ့ သတင်းဖော်ပြချက် Opportunities for S'pore firms in Andhra Pradesh's new capital
(၄) The Business Times သတင်းဌာန၏ ၉.၁.၂၀၁၅ နေ့ သတင်းဖော်ပြချက် Singapore signs deal to masterplan Indian state's new capital
(၅) SingaporeBusiness Reviewသတင်းဌာန၏ ၁၂.၁.၂၀၁၅ နေ့ သတင်းဖော်ပြချက် Surbana and Jurong International named master planners for Andhra Pradesh's new capital city
(၆) The Straits Times သတင်းဌာန၏ ၁၂.၁.၂၀၁၅ နေ့ သတင်းဖော်ပြချက် Singapore in talks with India to help build new cities